**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၆ / ၂၀၁၉**

**၁၃၈၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစား/အလတ်စားစက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့သော အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များကို ၂၀၁၉ ခုနှစ်အတွက် ဆက်လက်၍ အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြုလိုက်သည်။

၃။ အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည်ဖြစ်ပြီး ပြည်တွင်းတွင် အသုံးမတည့်သောစက်ပစ္စည်းများ စုပုံနေခြင်း ပတ်ဝန်းကျင်ထိခိုက်စေခြင်းများ မဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ အသုံးပြုပြီးသည့် ခုနှစ်(၁၀) နှစ်ထက် မပိုသော တိုက်ရိုက်အသုံးပြုနိုင်မည့် စက်ပစ္စည်းများကို အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်သည် -

(က) တင်သွင်းမည့်စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်းအပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလျှောက်ထားရမည် -

(၁) Brand Name

(၂) Capacity

(၃) ထုတ်လုပ်သည့်ခုနှစ် ( Model Year )

(၄) ထုတ်လုပ်သည့်နိုင်ငံ ( Country of Origin )

(၅) စက်၏ သုံးစွဲသည့် စွမ်းအင်/လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့သုံး)

( ခ ) အသုံးပြုနိုင်သည့် စက်အရည်အသွေးသည် နည်းပညာ (၈၀%) ထက် မနည်းသော အရည်အသွေးရှိရမည်။

\\172.16.129.34\Section (1)\Hluttaw Q & A, Think tank, Legal Team\Used Machine Order\Used Machine (2019).docx1

(ဂ) အသုံးပြုပြီးစက်ပစ္စည်းတင်သွင်းရန်အတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဃ) အသုံးပြုပြီးစက်ပစ္စည်း၏ ပြည်ပနိုင်ငံတွင် Running Condition နှင့် ပတ်သက်၍ ဆိပ်ကမ်းဆိုက်ရောက်သည့် ရက်မတိုင်မီ (၆) လအတွင်း စစ်ဆေးထားသော Pre-shipment Inspection Certificate တင်ပြရမည်။

(င) စက်မှုဖွံ့ဖြိုးပြီးသည့်နိုင်ငံမှ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်သောစက်ပစ္စည်းဖြစ်ရမည်။

(စ) အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်၊စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်းများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဆ) အမှန်တကယ် အသုံးပြုမည့် လုပ်ငန်းဖော်ပြချက်များဖြင့် တင်ပြလျှောက်ထားရမည်။

၄။ အသုံးပြုသည့် ခုနှစ် (၁၀) နှစ်ထက် ကျော်လွန်နေသည့်တိုင် အရည်အသွေးမြင့်အသုံးပြုပြီး စက်ပစ္စည်းများဖြစ်ပါက ပြည်တွင်း အသေးစား/ အလတ်စား လုပ်ငန်းများအတွက်အထောက်အကူဖြစ်စေမည့် စက်ပစ္စည်းများအား စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ထောက်ခံချက်ဖြင့် အထူးကိစ္စတစ်ရပ်အနေဖြင့် တင်သွင်းခွင့်ပြုမည် ဖြစ်သည်။

၅။ တင်သွင်းလာသော အသုံးပြုပြီး စက်ပစ္စည်းများအား တင်သွင်းလိုင်စင်ပါ လျှောက်ထားချက်များနှင့် ကိုက်ညီမှု ရှိ/ မရှိ ကို လိုအပ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

၆။ အပိုဒ် ( ၅ ) ပါ စစ်ဆေးချက်အရ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၇။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် သတ်မှတ်ချက်များကို နှစ်စဉ် ပြန်လည်သုံးသပ်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၄/ ၂ - ၃၇ / ၂၀၁၉ ( ၁၂ )
ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

( အောင်စိုး )
ညွှန်ကြားရေးမှူးချုပ်